## (၃) စလင်းတမံ ပင်မရေပိုလွှဲ D/S Floor ပြုပြင်ခြင်း လုပ်ငန်း

ရည်ရွယ်ချက်

- (၄.၁၀.၂၀၂၂) ရက်နေ့တွင် စလင်းတမံရေမှတ်သည် RL – 761.6' သို့ ရောက်ရှိ၍ ပင်မရေပိုလွှဲမှ(၁.၆') ရေကျော်ကျခဲ့ပြီးနောက် ကန်ရေပြည့်ရေမှတ်အောက်သို့ ရောက်ရှိချိန်တွင် စစ်ဆေးခဲ့ရာ ပင်မရေပိုလွှဲ End Sill ၏ အောက်ပိုင်းကြမ်းခင်း ညာဘက်ခြမ်းမှာ မူလ Floor Level အောက် (၆')ခန့် ရေတိုက်စား ပျက်စီးခဲ့သဖြင့် ပင်မရေပိုလွှဲကြံ့ခိုင်ရေးအတွက် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရခြင်း ဖြစ်ပါသည်။

စီမံကိန်းဒေသ

- မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ စလင်းမြို့နယ်

စီမံကိန်းကာလ

- (၂၀၂၃-၂၀၂၄) ဘဏ္ဍာနှစ်မှ (၂၀၂၄-၂၀၂၅) ဘဏ္ဍာနှစ်အထိ

ဆောင်ရွက်မည့်လုပ်ငန်းများ

- စလင်းတမံ ပင်မရေပိုလွှဲအောက်ပိုင်း ကြမ်းခင်း၏ ညာဘက်တွင် ရေတိုက်စားသွားသော အပိုင်းအား Plum Concrete လောင်းခြင်း၊ Outfall Floor ၊ Extension Wall ၊ Cutoff Wall ၊ Toe Wall နှင့် Basin Floor တို့အား သံကူကွန်ကရစ်လောင်းခြင်း၊ End Sill နှင့် Cutoff Wall ကြားတွင် Plum Concrete နှင့် RC Concrete Floor လောင်းခြင်း၊ Crib Weir ပြုပြင်ခြင်း

စီမံကိန်းအကျိုးရလဒ်

- လင်းဇင်းရေလွှဲဆည်၏ ဆည်ရေသောက်ဧရိယာ (၂၈၄၃၁) ဧကအပါအဝင် စုစုပေါင်း (၃၃၀၀၀)ဧက ကို လုံလောက်စွာရေပေးဝေနိုင်မည်ဖြစ်ပြီး စလင်းချောင်းဘေး ဝဲ/ယာရှိ လယ်မြေများနှင့် ကျေးရွာများ ရေကြီးနစ်မြုပ်မှုမှလည်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။